


အတွဲ ၁၊ အမှတ် ၃ | နွေဂိမ္မာန်ဦးစာစောင် | ဖေဖော်ဝါရီ လ ၂၀၁၂

*"လူတိုင်း သက်ရှည် ကျန်းမာဖို့ သုတေသနဖြင့် အကျိုးပြုစို့ "*

## မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ (၂၀၁၁) ကျင်းပခြင်း

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ(၂၀၁၁)ကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် အမှတ်(၅)၊ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ၉-၁-၂၀၁၂(တနင်္လာနေ့) မှ ၁၃-၁-၂၀၁၂ (သောကြာနေ့)ထိ နေ့စဉ် နံနက်၉:၀၀နာရီမှ ညနေ ၄:၃၀နာရီထိ ကျင်းပပြုလုပ်ခဲ့ပါသည်။






ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာဖေသက်ခင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်၊ ရန်ကုန်တိုင်း ဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ နိုင်ငံခြားအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် စာတမ်းရှင်များ တက်ရောက်ကြပါသည်။






အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာဖေသက်ခင်မှ အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စာတမ်းရှင်များနှင့် အမှတ်တရ စုပေါင်းဓါတ်ပုံရိုက်ကူးပါသည်။ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် သုတေသနပိုစတာပြပွဲနှင့် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သုတေသနစာတမ်းဖတ်ပွဲ ပထမနေ့ နံနက်ပိုင်းအစီအစဉ်သို့ တက်ရောက်ချီးမြှင့်၍ ဖတ်ကြားတင်သွင်းသည့်စာတမ်းများကို ဆွေးနွေးလမ်းညွှန်ခဲ့ပါသည်။








စာတမ်းဖတ်ပွဲပထမနေ့တွင် သုတေသနစာတမ်းပေါင်း (၁၇)စောင်ကို တင်သွင်းဖတ်ကြားဆွေးနွေးကြပြီး နံနက်ပိုင်းသဘာပတိအဖြစ် ဒုတိယဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်က ဆောင်ရွက်ခဲ့ပါသည်။ သုတေသနစာတမ်းဖတ်ပွဲဒုတိယနေ့တွင်သုတေသန စာတမ်းပေါင်း (၁၇)စောင်၊ တတိယနေ့တွင် စာတမ်းပေါင်း (၁၆) စောင်၊ စတုတ္ထနေ့တွင်(၁၆)စောင်နှင့် ညီလာခံနောက်ဆုံးနေ့တွင်(၇)စောင်စုစုပေါင်း(၇၃)စောင်တင်သွင်းဖတ်ကြားခဲ့ပါသည်။





သုတေသနညီလာခံတွင် သုတေသနပိုစတာ(၂၄)စောင်ကိုလည်း တင်သွင်းပြသခဲ့ပြီး ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၉)ခု ဖြစ်သော ခေတ်မီခွဲစိတ်မှုနှင့် ဓါတ်မှန်ပုံရိပ်ဖော်မှုနည်းပညာ၊ ကျန်းမာရေးမူဝါဒအတွက်သုတေသန၏အခန်းကဏ္ဍ၊ ခံတွင်းကျန်းမာရေးမှသည်အလုံးစုံကျန်းမာရေးသို့၊ ကင်ဆာရောဂါရှာဖွေကုသမှုဆိုင်ရာတိုးတက်ပြောင်းလဲမှု၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းအတွင်းဇီဝလုံခြုံမှုကျင့်စဉ်၊ သုတေသနကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှုများ၊ ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်မှုဘဝနှင့် အဝလွန်ရောဂါ၊ ပဋိဇီဝဆေးယဉ်ပါးမှုကိုတိုက်ဖျက်ခြင်း၊ ငှက်ဖျားရောဂါထိန်းချုပ်ရေးနှင့်ကုသရေး တို့ကို ပြည်တွင်းပြည်ပမှ ဆေးပညာရှင်ကြီးများက ဟောပြောတင်ပြကြ၍ တက်ရောက်လာကြသည့် သုတေသီပညာရှင်များမှ သိလိုသည်များကို မေးမြန်းဆွေးနွေးကြပါသည်။




ညီလာခံပိတ်ပွဲ အခမ်းအနားကို ၁၃-၁-၂၀၁၂ (သောကြာနေ့) နေ့လည် ၁၂:၀၀နာရီတွင်ကျင်းပရာ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်မှ ညီလာခံပိတ်ပွဲ အမှာစကားပြောကြားပြီး အခမ်းအနားကို ရုတ်သိမ်းခဲ့ပါသည်။ မွန်းလွဲ ၃:၀၀နာရီတွင် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ (၂၀၁၁) ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်မှ အမှာစကားပြောကြား၍ ဆုရွေးချယ်ရေးအဖွဲ့၏ သုံးသပ်ချက်များကို အဖွဲ့ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာ ကြည်ကြည်သင်းမှ ပြောကြားပါသည်။



အဆိုပါဆုပေးပွဲအခမ်းအနားတွင် ယခုနှစ်အတွက် ဖတ်ကြားတင်သွင်းခဲ့သော သုတေသနဆိုင်ရာ စာတမ်းများအနက်မှ အကောင်းဆုံး အခြေခံသုတေသနစာတမ်းဆုကို ဒေါက်တာလှိုင်မြတ်သူ ဦးဆောင်သောအဖွဲ့၊ အကောင်းဆုံး လက်တွေ့အသုံးချသုတေသနစာတမ်းဆုကို ဒေါက်တာဖေသန်းထွန်း ဦးဆောင်သောအဖွဲ့၊ အကောင်းဆုံး ကျန်းမာရေးစနစ်သုတေသနစာတမ်းဆုကို ဒေါက်တာစောစော ဦးဆောင်သည့်အဖွဲ့နှင့် အကောင်းဆုံး သုတေသနပိုစတာဆုကို ဒေါက်တာသိန်းသိန်းမြင့် ဦးဆောင်သည့်အဖွဲ့တို့က အသီးသီး ရရှိကြပါသည်။










ထို့ပြင် လူငယ်သုတေသီဆုများတွင် အခြေခံသုတေသနစာတမ်းဆုကို ဒေါက်တာခင်မျိုးအေး ဦးဆောင်သည့်အဖွဲ့၊ လက်တွေ့အသုံးချသုတေသနစာတမ်းဆုကို ဒေါက်တာမြတ်ထွဋ်ညွန့် ဦးဆောင်သည့်အဖွဲ့၊ ကျန်းမာရေးစနစ်သုတေသန စာတမ်းဆုကို ဒေါက်တာဖေသက်ဇော် ဦးဆောင်သည့်အဖွဲ့တို့က အသီးသီး ရရှိကြပါသည်။








ဆုရရှိကြသူများအား ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဆုရွေးချယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကြည်ကြည်သင်း၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမာလာမြင့်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာနိုင်ဝင်း၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာနေစိုးမောင်တို့မှ အသီးသီးဆုများချီးမြှင့်ကြပါသည်။

## မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (၂၀၁၁) ညစာစားပွဲအခမ်းအနား ကျင်းပခြင်း

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ (၂၀၁၁) ဂုဏ်ပြု ညစာစားပွဲအခမ်းအနားကို ၉-၁-၂၀၁၂ (တနင်္လာနေ့) ညနေဖနာရီခွဲတွင်ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုနားဟိုတယ်၊ Grand Ballroom ၌ ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ညွှန်ကြားရေးမှူး ချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ လုပ်ငန်းကော်မတီအသီးသီးမှတာဝန်ရှိသူများ၊ စာတမ်းရှင် များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြပါသည်။ ညစာစားပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာ မြတ်မြတ်အုန်းခင်မှ အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပါသည်။











## မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ (၂၀၁၁) ကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးများကျင်းပခြင်း

ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ (၂၀၁၁)ကျင်းပရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့ တွင် ကျင်းပခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိဦးစီးဌာနများ၊ဆေးတက္ကသိုလ်များနှင့် ဆေးရုံများမှ ဖိတ်ကြား ထားသောလုပ်ငန်း ကော်မတီဝင်များ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ညီလာခံကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူးက ညီလာခံကျင်းပရေးလုပ်ငန်းအခြေအနေများကို ရှင်းလင်း တင်ပြရာ အစည်းအဝေး တက်ရောက်လာသူ များက ညီလာခံကိစ္စအရပ်ရပ်ကို ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားလမ်းညွှန်ခဲ့ပါသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (၂၀၁၀)တွင် ဝိုင်းဝန်း ပံ့ပိုးကူညီခဲ့ကြသော ကုမ္ပဏီများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ပါသည်။













မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ (၂၀၁၁) ကျင်းပရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို လည်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာ လ ၂၄ ရက် တွင်ကျင်းပခဲ့ပါသည်။

# ဆေးသုတေသနလုပ်ငန်းများညှိနှိုင်း အစည်းအဝေးကျင်းပခြင်း

ဆေးသုတေသနလုပ်ငန်းများညှိနှိုင်းအစည်းအဝေးကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ လ ၁၇ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီ တွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ၏ ဗဟိုဇီဝဆေးပညာစာကြည့်တိုက်အစည်းအဝေးခန်းမ၌ ကျင်းပ ပါသည်။ ယင်းအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်၍ ဒုတိယ ဝန်ကြီးမှ တိုင်းရင်းဆေးနှင့်တီဘီရောဂါကုသရေးသုတေသနစီမံချက်နှင့်ပတ်သက်သော အဖွင့်အမှာစကား ပြောကြား ပါသည်။











ထို့နောက် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်ချစ် မှ သုတေသန စီမံချက်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပါသည်။ ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ပညာရှင်များမှ ဝိုင်းဝန်း ဆွေးနွေးအကြံပြုကြပြီး ဒုတိယဝန်ကြီးက တိုင်းရင်းဆေးနှင့်တီဘီရောဂါကုသရေး သုတေသန စီမံချက်ဆိုင်ရာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။











ထို့နောက်ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် ကြက်ဥမှထုတ်လုပ်သောမြွေပွေးဆိပ်ဖြေဆေးထုတ်လုပ်ခြင်း အား သုတေသနမှူးဒေါ်အေးအေးမြင့်မှရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးကသိလိုသည်များကို မေးမြန်းဆွေးနွေးပါသည်။ အစည်းအဝေးအပြီး၌ ဒုတိယဝန်ကြီးသည် ကြက်ဥမှ မြွေပွေးဆိပ်ဖြေဆေးသုတေသနထုတ်လုပ်သည့် ဓာတ်ခွဲခန်း တည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## ဂျပန်နိုင်ငံ အိုကာယားမားတက္ကသိုလ် မှ ကျန်းမာရေးဝန်ကြီးဌာန သို့ သုတေသနအထောက်အကူပြုပစ္စည်းများ နှင့် ဘီးတပ်ကုလားထိုင်များ လှူဒါန်းခြင်း

ဂျပန်နိုင်ငံ အိုကာယားမားတက္ကသိုလ်မှ ကျန်းမာရေးဝန်ကြီးဌာနသို့ သုတေသနအထောက်အကူပြု ပစ္စည်းများနှင့် ဘီးတပ်ကုလားထိုင် အလုံး ၂၀ လှူဒါန်းပွဲကို ၃၁-၁၀-၂၀၁၁ ရက်နေ့တွင် ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဂျပန်နိုင်ငံ အိုကာယားမားတက္ကသိုလ်မှ Prof. Shigeru Okada ပေးအပ်လှူဒါန်းသည့် US$ 10000 ခန့် တန်ဖိုးရှိ သုတေသနအထောက်အကူပြုပစ္စည်းများနှင့် US$ 2040 ခန့် တန်ဖိုးရှိ ဘီးတပ်ကုလားထိုင်များကို ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားပါသည်။ ထို့အပြင် ဆေးသုတေသန ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ သုတေသနအထောက်အကူပြုပစ္စည်းများကူညီခြင်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာများလေ့ကျင့်ပေးခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ယခင်ကလည်း အိုကာယားမားတက္ကသိုလ်မှ ပါမောက္ခများ၊ သုတေသနပညာရှင်များ စုပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျေးလက် ကျန်းမာရေးဌာန ငါးခုကို အသစ်ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။









## KOICAအထောက်အပံ့ဖြင့် အဆင့်မြင့်သုတေသနဓာတ်ခွဲခန်းတည်ဆောက်ရေးလုပ်ငန်းစတင်ဆောင်ရွက်ခြင်း

ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)နှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်)တို့ ပူးပေါင်းကာ အဆင့်မြင့်သုတေသနဓာတ်ခွဲခန်းများနှင့်အပြည်ပြည်ဆိုင်ရာညီလာခံများ ကျင်းပနိုင်မည့် Auditorium တစ်ခု ပါဝင်သည့် နှစ်ထပ်အဆောက်အဦး စတင်ဆောက်လုပ်နိုင်ရန်အတွက် KOICA မှ စီမံကိန်းကြီးကြပ်သူ Dr.Sun Dae Song ဦးဆောင်သော အဖွဲ့ဝင် ၈ ဦး ပါဝင်သည့် ညှိနှိုင်းရေးအဖွဲ့သည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ လ ၁၇ ရက်နေ့ တွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ပညာရှင်များနှင့် အဆောက်အဦး ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှု၍ စီမံကိန်းအတွက် ပိုမိုကောင်းမွန်သောရလဒ်ကောင်းများ ရရှိရန် နှစ်ဘက် အသေးစိတ် ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် လုပ်ငန်းစဉ်အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးမှုမှတ်တမ်းကို ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ စီမံကိန်းကြီးကြပ်မှုကျွမ်းကျင်ပညာရှင်အဖွဲ့ ခေါင်းဆောင် Dr.Sun Dae Song၊ KOICA ဌာနေကိုယ်စားလှယ် Ms. Kim Tae Eun တို့မှ လက်မှတ်ရေးထိုးကြပါသည်။







ထို့ပြင် ၂၀၁၂ခုနှစ် ဇန်နဝါရီလ၃၀ရက်နေ့တွင်Dosung Architect & Associates မှ ဥက္ကဋ္ဌဖြစ်သူ Mr. Ahn Ki-Don ဦးဆောင်သော အဖွဲ့ဝင် ၂ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်၊ သက်ဆိုင်ရာညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အဆင့်မြင့် သုတေသနဓာတ်ခွဲခန်းနှစ်ထပ်အဆောက်အဦးနှင့်ပတ်သက်သည်များကို ညှိနှိုင်းဆွေးနွေးကြပြီး နမူနာအဆောက်အဦး ပုံစံကားချပ်ကိုလွှဲပြောင်းပေးအပ်ပါသည်။







## သိုးမှထုတ်လုပ်သည့်မြွေပွေးအဆိပ်ဖြေဆေးစမ်းသပ်မှုကော်မတီအစည်းအဝေးကျင်းပ

၂၀၁၂ခုနှစ်ဇန်နဝါရီလ၂၇ရက်နေ့မွန်းလွဲ ၁နာရီတွင်ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)ဇီဝဆေးပညာသုတေသန အဆောက်အဦးရှိအစည်းအဝေးခန်းမ၌စက်မှုဝန်ကြီးဌာနမြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၏သိုးမှထုတ်လုပ်သော မြွေပွေး ဆိပ်ဖြေဆေး စမ်းသပ်မှုကော်မတီ အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းအစည်းအဝေးသို့ မြွေပွေးဆိပ်ဖြေဆေး စမ်းသပ်မှုကော်မတီဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ တက်ရောက်ကြပါသည်။အစည်းအဝေးတွင် စမ်းသပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ မျိုးခင်မှအဖွင့်အမှာစကားပြောကြားပြီး၊ ကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းအောင်နှင့် ဒေါက်တာဟန်ဝင်းတို့မှ သုတေသန လုပ်ငန်း တွေ့ရှိချက်များကို တင်ပြကြပါသည်။





ဆက်လက်၍ တက်ရောက်လာကြသောကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာထွန်းဖေ၊ ဒေါက်တာခင်သီတာသွင်၊ စက်မှုဝန်ကြီးဌာနမှဒေါက်တာအောင်ဇော်၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာဓာတ်ခွဲဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာနေဝင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဇော်ဝင်းတို့မှ အသီးသီး အကြံပြုဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းလွဲ ၂နာရီ၁၅မိနစ်တွင် ရုပ်သိမ်းလိုက်ပါသည်။






## ဆေးပညာရပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသဘောတူညီမှုလက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပခြင်း

ကျန်းမာရေးဝန်ကြီးဌာန နှင့်ဂျပန်နိုင်ငံနာဂါစကီတက္ကသိုလ်တို့အကြားဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှစ်ဖက်သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၆ ရက်(တနင်္လာနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်အမှတ်(၅) ဗိုလ်ကလေးလမ်း ရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။






အဆိုပါအခမ်းအနားတွင် ဂျပန်နိုင်ငံ နာဂါစကီတက္ကသိုလ်မှ ပါမောက္ခ Takehiko Koji နှင့် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးတို့ နှစ်ဘက်သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ အထက်ပါသဘောတူညီချက်အရ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံနာဂါစကီတက္ကသိုလ်တို့မှ ပညာရှင်နှင့်ပညာသင်များအပြန်အလှန်စေလွှတ်ခြင်း၊ သင်ကြားရေးနှင့် သုတေသနအထောက်အကူပြုပစ္စည်းများပံ့ပိုးကူညီပေးခြင်းနှင့် ပညာရပ်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်သွားကြမည်ဖြစ်ပါသည်

## ဂျပန်နိုင်ငံ နာဂါစကီတက္ကသိုလ်မှ ပညာရပ်ဆိုင်ရာလက်တွေ့သင်တန်းပို့ချခြင်း

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ရောဂါဗေဒသုတေသနဌာနခွဲတွင်၆-၂-၂၀၁၂ မှ၇-၂-၂၀၁၂အထိဂျပန်နိုင်ငံ နာဂါစကီတက္ကသိုလ်မှ ပါမောက္ခ Takehiko Koji ဦးဆောင်၍ Professor Yoshitaka Hishikawa, Assistant Professor Daisuke Endo, Assistant Professor Ning Song, Assistant Professor Shinichiro Hino တို့သည် “Wet lab demonstration on Molecular cytochemistry of human Papilloma virus” သင်တန်းကို နံနက် ၉နာရီမှ ညနေ ၄ နာရီအထိ လက်တွေ့သင်ကြားပို့ချခဲ့ပါသည်။ သင်တန်းသို့ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တို့မှ ရောဂါဗေဒပညာရှင်များတက်ရောက်ခဲ့ကြပါသည်။





# သုတေသနဆိုင်ရာ ဟောပြောပွဲများ ကျင်းပခြင်း

## “Story of Discovery of Hepatitis E” & “Regional Situation on Viral Hepatitis in WHO (Southeast Asia Regional Office)”

၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၈ရက် မွန်းလွဲ ၂:၀၀နာရီတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ၏ ဗဟိုဇီဝဆေးပညာစာကြည့်တိုက် အစည်းအဝေးခန်းမ၌ WHO (Southeast Asia Regional Office)မှ Doctor of Medical Science နှင့် Temporary Adviser of the Regional Director ဖြစ်သူ Dr. Alexander Andjaparidze သည် “Story of Discovery of Hepatitis E”နှင့် “Regional Situation on Viral Hepatitis in WHO (Southeast Asia Regional Office)” ခေါင်းစဉ်တို့ဖြင့် သုတေသနဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။





အဆိုပါဟောပြောပွဲတွင် သဘာပတိအဖြစ် ဒေါက်တာခင်မေဦး၊ ညွှန်ကြားရေးမှူး(သုတေသန) ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)က ဆောင်ရွက်ပြီး ဒေါက်တာဦးကိုကို (အရှေ့တောင်အာရှဒေသဆိုင်ရာ ဂုဏ်ထူးဆောင် ညွှန်ကြားရေးမှူး ကမ္ဘာ့ကျန်းမာရေးအဖွဲ့)၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူးများ၊ စိတ်ပါဝင်စားသူ သုတေသီပညာရှင်များ တက်ရောက်ကြ၍ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

## “Importance of pharmacokinetic assessment in understanding artemisinin-based combination therapy: host, parasite and drug interaction”

၂၀၁၂ခုနှစ် ဇန်နဝါရီလ ၅ရက်နေ့ (ကြာသာပတေးနေ့) မွန်းလွဲ၂:၀၀နာရီတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) လူမှုဆေးပညာသုတေသနအဆောက်အအုံရှိ အစည်းအဝေးခန်းမ၌ Johns Hopkins Universityမှ ဒေါက်တာ မြိုင်မြိုင်ညွှန့် Associate Professor, Department of International Health, Bloomberg School of Public Health သည် “Importance of pharmacokinetic assessment in understanding artemisinin-based combination therapy: host, parasite and drug interaction” ခေါင်းစဉ်ဖြင့် သုတေသနဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။






အဆိုပါဟောပြောပွဲတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်နှင့် ညွှန်ကြားရေးမှူးများ၊ စိတ်ပါဝင်စားသူသုတေသီပညာရှင်များ တက်ရောက်ကြ၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြပါသည်။

## "Evolution of drug resistant malaria and the search for artemisinin resistance markers"

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၇ရက် မွန်းလွဲ ၂:၀၀နာရီတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ၏ ဗဟိုဇီဝဆေးပညာစာကြည့်တိုက် အစည်းအဝေးခန်းမ၌ University of Maryland မှ Professor of Medicine, Microbiology and Immunology, Epidemiology and Public Health နှင့် Director, Worldwide Antimalarial Resistance Network Molecular Module, Director, Greater Mekong Subregion Molecular Surveillance Network ဖြစ်သူ Professor Christopher V. Plowe, M.D.,M.P.H သည် "Evolution of drug resistant malaria and the search for artemisinin resistance markers" ခေါင်းစဉ်ဖြင့် သုတေသနဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။






အဆိုပါဟောပြောပွဲတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်နှင့် ညွှန်ကြားရေးမှူးများ၊ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ သုတေသီပညာရှင်များ တက်ရောက်ကြ၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြပါသည်။

## (၃၃) ကြိမ်မြောက် မိသားစုမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပခြင်း

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ (၃၃)ကြိမ်မြောက် မိသားစုမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၂၀၁၁ ခုနှစ် အောက်တိုဘာ လ ၂၈ ရက်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် (သောကြာနေ့) တွင် ဗဟိုဇီဝဆေးပညာစာကြည့်တိုက် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ လှူဒါန်းပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့နယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒဂုံပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာနန္ဒ အမှူးပြုသော ပင့်သံဃာတော်(၁၀)ပါးတို့ ကြွရောက်တော်မူကြပြီး၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)




ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ၏ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ တက်ရောက်ကြည်ညို၍ ကထိန်ဥတ် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းအစုစုကို ဆက်ကပ်လှူဒါန်းကြပါသည်။





ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို "နမောတဿ" သုံးကြိမ် ရွတ်ဆိုဘုရား ကန်တော့၍ ဖွင့်လှစ်ကြပါသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဒဂုံပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဂုဏာနန္ဒထံမှ ငါးပါးသီလ ခံယူကြပြီး၊ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြပါသည်။ ယင်းနောက် ဆရာတော်က "ကထိန်သင်္ကန်း" ဟူသော တရားတော် မြတ်ကို ချီးမြှင့်ဟောကြားတော်မူပါသည်။



ထို့နောက် ဆရာတော်၊သံဃာတော်များထံ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်နှင့် ဧည့်ပရိသတ်များက ကထိန်သင်္ကန်း ၅၇စုံ၊ နဝကမ္မအလှူတော်ငွေ (တစ်သိန်းငါးသောင်း)ကျပ်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပါသည်။ ဆက်လက်၍ ဆရာတော် ထံမှ ဆေးသုတေသနဦးစီးဌာန မိသားစုဧည့်ပရိသတ်များက အနုမောဒနာ တရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပါသည်။ ထို့နောက် ဒေါက်တာရဲထွဋ်မှ အလှူတော်မင်္ဂလာအောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် ရွှေမိုးငွေမိုးကြဲ၍ ဧည့်ပရိသတ်များက **"ဗုဒ္ဓသာသနံ၊ စိရံတိဋ္ဌတု"** သုံးကြိမ်ရွတ်ဆို ဆုတောင်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

## ဒီဇင်ဘာ အားကစားလ (တတိယပတ် နှင့် စတုတ္ထပတ်) ဝန်ထမ်းများ စုပေါင်းလမ်းလျှောက်ပွဲကျင်းပခြင်း

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဝန်ထမ်းများနှင့် မိသားစုများ၏ စုပေါင်း လမ်းလျှောက်ပွဲကို ၁၇-၁၂-၂၀၁၂ နှင့် ၂၄-၁၂-၂၀၁၂ နေ့တို့တွင် နံနက် ၅:၃၀နာရီ၌ ဒဂုံမြို့နယ်၊ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ရုံးရှေ့တွင်ကျင်းပရာ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ အရာထမ်းများ၊ အမှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များပါဝင်ဆင်နွှဲကြသည်။





ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် နံနက် ၆ နာရီတွင် ဇီဝကလမ်းမှ စတင်၍ ဦးဝိစာရလမ်း၊ ပန်တျာလမ်း၊ ရွှေတိဂုံဘုရားလမ်း၊ ဇီဝကလမ်းမှတဆင့် ရုံးရှေ့သို့ စုပေါင်းလမ်းလျှောက်ကြပြီး ရုံးအတွင်း သို့ ဝင်ရောက်၍ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ စုပေါင်းလုပ်ဆောင်ကြသည်။ အဆိုပါ ဒီဇင်ဘာအားကစားလ ဝန်ထမ်းများ၏ စုပေါင်းလမ်းလျှောက်ပွဲတွင် တစ်ရက်လျှင် စုစုပေါင်းအင်အား (၁၀၀)ခန့် ပါဝင်ဆင်နွှဲပါသည်။

## (၆၄) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် မိသားစု အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ အခမ်းအနား ကျင်းပခြင်း

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မိသားစုအားကစား ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို၂၀၁၂ ခုနှစ် ဇန်နဝါရီ လ ၃ရက် (အင်္ဂါနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြုလုပ်ခဲ့ပါသည်။










အဆိုပါအခမ်းအနားတွင် ထုပ်ဆီးထိုးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ ရုံးပတ်ပြေးပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ သီချင်း အဆိုပြိုင်ပွဲနှင့် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (၂၀၁၁) အကြိုဆောင်းပါးပြိုင်ပွဲတို့ကို ပြုလုပ်ခဲ့ပြီး ကော်ရည်ခေါက်ဆွဲဖြင့် ကျွေးမွေးဧည့်ခံပါသည်။ ထို့နောက် ပြိုင်ပွဲများတွင်ဆုရရှိသူများအား ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးတို့မှ အသီးသီး ဆုများ ချီးမြှင့်ပြီး ဌာနခွဲအလိုက် လက်ဆောင်ပစ္စည်းများ လဲလှယ်ကြပါသည်။








## "ဒို့ဆေး/သု"



ခြောက်ဆယ့်သုံးခု ဇွန်လမှာ၊
ဆရာမြတူ ဦးဆောင်ကာ
ဘီအမ်အာအိုင်ဖွဲ့စည်းပြား၊
တိုင်းပြည်အတွက် ဦးထိပ်ထား



ဆရာအေတီဘီတီလက်ထက်တွင်
ဆေးသုအမည် ပြောင်းကာပြင်
မူဝါဒထွင် ချမှတ်သွား၊
သုတေသနစည်ပင်ပွား
ဌာနခွဲသော်နှစ်ဆယ့်နှစ်ဖော်
ရှစ်ဖော်ဌာန ထောက်ကူရ၊
တက်တက်ကြွကြွ ဆောင်ရွက်ကြ



ဆေးသုတေသနနယ်ပယ်မှာ၊
ဘက်စုံထောင့်စုံလေ့လာကာ



အကျိုးရှိစွာ အကြံပေး
အများပြည်သူ ကျန်းမာရေး
ရှေ့စဉ်နောက်ဆက်သုတေသီ၊
ကမ္ဘာ့အဆင့်မီ
ခေတ်နှင့်ညီအောင် အစဉ်ကြိုးစား
ငါတို့အားမာန်များ။

**ရဲလေး**

**ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အီလက်ထရောနစ်သတင်းလွှာ အယ်ဒီတာအဖွဲ့မှ**
**၂၀၁၁ ခုနှစ် ဇွန် လမှ စတင်၍ ၄ လလျှင် တစ်ကြိမ် စီစဉ်ဖြန့်ဝေပါသည်။**